SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com


# ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေးချိုးဖေါက်မှုထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၇ ရက်

## တော်လှန်ရေးတပ်များထိန်းချုပ်ထားသည့် သီပေါ၊ မိုးကုတ်၊ ကျောက်မဲနှင့် နောင်ချိုမြို့နယ်တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၃ဦးသေဆုံးပြီး ၃၁ဦး ဒဏ်ရာရ

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ရက်နေ့မှ ၁၄ရက်နေ့အတွင်း ၂၀၂၄ခုနှစ် မှစ၍ တအာင်းပြည်သူ့လွတ်မြောက်ရေးတပ်မတော် TNLA ထိန်းချုပ်ထားသော ဒေသများဖြစ်သည့် သီပေါ၊ မိုးကုတ်၊ ကျောက်မဲနှင့် နောင်ချိုမြို့နယ်တို့တွင် စစ်ကောင်စီ၏ လေ ကြောင်း တိုက်ခိုက်မှုကြောင့် အရပ်သားသား ၁၃ဦး သေဆုံးပြီး အခြား၃၁ဦး ဒဏ်ရာရရှိကာ ဆေးရုံ ၁ ရုံနှင့် ကျောင်း ၂ ကျောင်း၊ ဆိုင် ၅ ဆိုင် နှင့် အပန်းဖြေစခန်း ၁ခု အပါအဝင် အဆောက်အဦး ၅၆ လုံးကျော် ထိခိုက်ပျက်စီးခဲ့သည်။

၂၀၂၅ ဇူလိုင်လ(၄)ရက်မှ(၁၄)ရက်ထိ သီပေါ၊ကျောက်မဲ၊မိုးကုတ်၊နောင်ချို မြို့နယ်များတွင် အရပ်သားများအား
ထိခိုက်သေဆုံးစေခဲ့သည့်စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့်လက်နက်ကြီးပြစ်ခတ်မှု



ဇူလိုင်လ ၄ ရက်နေ့ ညသ၁၀နာရီတွင် စစ်ကောင်စီတိုက်လေယာဉ်တစ်စီးသည် သီပေါမြို့ရှိ မြို့လေးရပ်ကွက်နှင့် တောင်းရပ်ကွက်ကို ဗုံးနှစ်လုံး ကြဲချခဲ့သည်။ ဗုံးတစ်လုံးသည် ပြည်သူ့ဆေးရုံကို ထိမှန်ခဲ့ပြီး နောက်တစ်လုံးသည် စိုက်ပျိုးရေးရုံးကို ထိမှန်ခဲ့ကာ နေအိမ် ၁၀လုံးကျော် ပျက်စီးခဲ့သည်။

ဇူလိုင်လ ၆ ရက်နေ့ ညသန်းခေါင်ဝန်းကျင်တွင် စစ်ကောင်စီသည် ကျောက်မဲမြို့ရေဦး ရပ်ကွက်ကို ဂျက်ဖိုက်တာလေယာဉ်ဖြင့် ဗုံးကြဲခဲ့သဖြင့် နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့သည်။



*ကျောက်မဲမြို့၌ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသောအရပ်သားတစ်ဦး*

ဇူလိုင်လ ၈ ရက်နေ့ နံနက် ၉:၁၀ နာရီတွင် စစ်ကောင်စီသည် မိုးကုတ်မြို့၊ ခေါင်းဦးဘာ ရပ်ကွက်ကို ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံး၂လုံးကြဲခဲ့သဖြင့် အရပ်သား ၃ ဦးသေဆုံးပြီး ၅ ဦး ဒဏ်ရာရရှိကာ နေအိမ်၁၀လုံးနှင့် ကိုယ်ပိုင်ကျောင်း ၁ ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၈ ရက်နေ့ နံနက် ၉:၃၀ တွင် စစ်ကောင်စီသည် ကျောက်မဲမြို့ ငြိမ်းချမ်းရေးကုန်းနှင့် ရပ်ကွက် ၁ တို့ကို ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံး၂လုံး ကြဲချခဲ့သဖြင့် အရပ်သား ၁ ဦး သေဆုံးကာ အခြား ၄ ဦး ဒဏ်ရာရရှိပြီး နေအိမ် ၁၀လုံး ထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၈ရက်နေ့တွင် စစ်ကောင်စီသည် နောင်ချိုမြို့ အရှေ့တောင်ဖက် ၃ ကီလိုမီတာအကွာရှိ ရွှေပြည်ညွှန့်ကျေးရွာကို ဂျက်ဖိုက်တာလေယာဉ်ဖြင့် ဗုံးကြဲခဲ့သဖြင့် အသက် ၅၀ အရွယ် အမျိုးသား ၁ ဦး သေဆုံးခဲ့သည်။

ဇူလိုင်လ ၉ ရက်နေ့ ညနေ ၈နာရီတွင် စစ်ကောင်စီသည် မိုးကုတ်မြို့ ပန်းမထိပ် ရွာကို ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံး ၂ လုံး ကြဲချခဲ့သဖြင့် ကလေး ၃ဦးအပါအဝင် အရပ်သား ၅ဦးသေဆုံးကာ ယောကျ်ားလေး ၂ ဦးနှင့် မိန်းကလေး ၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင် ၁၁ ရက်နေ့ နံနက် ၃နာရီတွင် စစ်ကောင်စီသည် ကျောက်မဲမြို့ကို ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင်၅၀၀ ဗုံး၃လုံး ကြဲချခဲ့သည်။ ဗုံးတစ်လုံးသည် ရဲစခန်းကို ထိမှန်ခဲ့ပြီး နေအိမ် ၃ လုံး ထိခိုက်ပျက်စီးခဲ့သည်။ နောက်ဗုံးတစ်လုံးသည် ကောလီဟိုတယ်ကို ထိမှန်ခဲ့ပြီး အရပ်သား ၁ဦးသေဆုံးပြီး အခြား ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အခြားဗုံးတစ်လုံးသည် မြို့အနီးရှိ တောထဲသို့ ကျခဲ့သည်။


ဇူလိုင်လ ၁၁ ရက်နေ့ ညနေ ၃နာရီတွင် စစ်ကောင်စီသည် နောင်ချိုမြို့၊ ဈေးရပ်ကွက်ပေါ်သို့ ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင်၂၅၀ ဗုံး၂လုံး ကြဲချခဲ့သဖြင့် နေအိမ်၆လုံး ထိခိုက်ပျက်စီးခဲ့ပြီး နောင်ချိုမြို့အနောက်ဖက် ၅ကီလိုမီတာအကွာရှိ ကျောက်ကြမ်း ကျေးရွာကို ပေါင်၂၅၀ဗုံး ၂လုံး ကြဲချခဲ့သည်။

ဇူလိုင်လ ၁၃ ရက်နေ့ နံနက် ၆နာရီတွင် စစ်ကောင်စီသည် ကျောက်မဲမြို့ အနောက်ဖက်ကို ဂျက်ဖိုက်တာလေယာဉ်ဖြင့် ဗုံး ၆လုံး ကြဲချခဲ့သည်။ ဗုံး ၃ လုံးသည် ပိန္နဲကုန်းကျေးရွာသို့ ကျရောက်ခဲ့ပြီး နောက်ဗုံး၂လုံးသည် မန်နား နှင့် ကျောက်တောင် ကျေးရွာ

ကြားရှိ အမက ၁၃ မူလတန်းကျောင်းကို ထိမှန်ခဲ့ကာ ကျန်ဗုံး၁လုံးသည် ဝါဆိုဘုန်းကြီးကျောင်းလမ်းပေါ်သို့ ကျရောက် ပေါက်ကွဲခဲ့သည်။ ထိုဗုံးကြဲမှုများကြောင့် အမျိုးသမီး ၁ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကျောင်းနှင့် နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၁၃ ရက်နေ့၊ ည ၁၀ နာရီခွဲတွင် မိုးကုတ်မြို့၊ ပန်းမထိပ်ရွာအနီးရှိ ဂေါရခါးကျေးရွာ သို့ စစ်ကောင်စီ တိုက်လေယာဉ်က ပေါင် ၅၀၀ ဗုံးတစ်လုံး ကြဲချခဲ့ရာ ကလေးငယ် ၃ ဦး အပါအဝင် အမျိုးသား ၄ ဦး၊ အမျိုးသမီး ၄ ဦး၊ စုစုပေါင်း အရပ် သား ၈ ဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၇ လုံး ပျက်စီးခဲ့သည်။

**၂၀၂၅ ဇူလိုင်လ(၄ရက်နှင့်(၁၄)ရက်တွင် သီပေါမြို့အတွင်း အရပ်သားများကို ထိခိုက်သေဆုံးစေခဲ့သော စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှု**




ဇူလိုင်လ ၁၄ ရက်နေ့ ညနေ ၆ နာရီတွင် စစ်ကောင်စီသည် သီပေါမြို့၊ တောင်မြို့ရပ်ကွက်ကို လေယာဉ်ဖြင့် ဗုံး၂လုံး ကြဲချခဲ့သည်။ ထိုဗုံးကြောင့် အရပ်သား ၂ ဦးသေဆုံးပြီး ၂ ဦးထိခိုက်ဒဏ်ရာရရှိကာ နေအိမ် ၃ လုံး၊ ဆိုင် ၅ဆိုင်နှင့် အပန်းဖြေစခန်း ၁ ခု ထိခိုက် ပျက်စီးခဲ့သည်။

ထိုအတောအတွင်းတွင် ပြင်ဦးလွင်နှင့် နောင်ချိုကြားတွင် တပ်ဖြန့်ထားသော စစ်ကောင်စီတပ်စစ်ကူများသည် တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် ရွာများမှ ခိုးဝှက်လုယူမှုများစွာကို ပြုလုပ်ခဲ့သည်။ မေလ နောက်ဆုံးအပတ်တွင် စစ်ကောင်စီ ခြေမြန်တပ်ရင်း ၁၂ မှ တပ်သား ၃၀၀ ကျော်သည် နောင်ချိုမြို့ အနောက်တောင်ဖက် ၂၀ကီလိုမီတာအကွာရှိ ဘန့်ဘွေးကျေးရွာမှနေအိမ် အလုံး ၆၀ ခန့်နှင့် ကန့်ကောကျေးရွာမှ နေအိမ် အလုံး ၄၀ ရှိ အရပ်သားပိုင် ပစ္စည်းများကို ခိုးဝှက်လုယူခဲ့ကြသည်။ စစ်သားများသည် တံခါးများနှင့် ပြတင်းပေါက်များကို ချိုးဖျက်ပြီး အစားအသောက်များဖြစ်သည့် ဆန်၊ ဆီ များအပါအဝင် စောင်၊ TV နှင့် စက်ပစ္စည်းများကိုလည်း ခိုးယူခဲ့ ကြသည်။ ထိုကဲ့သို့ ခိုးယူလာကြသော ပစ္စည်းများကို ပြင်ဦးလွင်သို့ ပို့ဆောင်ခဲ့ကြသည်။

| သီပေါ၊ မိုးကုတ်၊ ကျောက်မဲနှင့် နောင်ချိုမြို့တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သား ထိခိုက်သေ ဆုံးမှုများ (၄-၁၄ရက်၊ ဇူလိုင်လ၊ ၂၀၂၅ခုနှစ်) | | | | | | | | |
|---|---|---|---|---|---|---|---|---|
| စဉ် | ရက်စွဲ | ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ် | ဖြစ်စဉ် | အရပ်သား သေဆုံးမှု | | အရပ်သား ဒဏ်ရာရမှု | | ပြည်သူပိုင် အဆောက်အအုံ ပျက်စီးမှု |
| | | | | အချက် အလက် | ဦးရေ | အချက် အလက် | ဦးရေ | |
| ၁ | ၄.၇.၂၀၂၅ | မြို့လယ်ရပ်၊ တောင်မြို့ရပ် သီပေါ | ည ၁၀နာရီတွင် စစ်ကောင်စီသည် ဂျက်လေယာဉ် ၂ကြိမ်လာပြီး ဗုံး၂လုံးကြဲ | | | | | နေအိမ် ၁၀လုံး၊ ဆေးရုံ ၁ရုံ ပျက်စီး |
| ၂ | ၆.၇.၂၀၂၅ | ရှေဦးရပ် ကျောက်မဲ | ညသန်းခေါင်တွင် စစ်ကောင်စီသည် ဂျက်လေယာဉ်ဖြင့် ပေါင်၅၀၀ ဗုံး၂လုံးကြဲ | | | | | နေအိမ်အချို့ ပျက်စီး |
| ၃ | ၈.၇.၂၀၂၅ | ခေါင်းဦးဘာရပ် မိုးကုတ် | နံနက် ၉း၁၀ နာရီတွင် စစ်ကောင်စီသည် ဂျက်လေယာဉ်ဖြင့် ပေါင်၅၀၀ ဗုံး၂လုံးကြဲ | မ ၁ | ၃ | | ၅ | နေအိမ် ၁၀လုံး၊ ကျောင်း ၁ကျောင်း ပျက်စီး |
| ၄ | ၈.၇.၂၀၂၅ | ငြိမ်းချမ်းရေးကုန်း၊ ရပ်ကွက်၁ ကျောက်မဲ | နံနက် ၉း၃၀ နာရီ တွင် စစ် ကောင်စီ သည် ဂျက်လေ ယာဉ် ဖြင့် ပေါင် ၅၀၀ ဗုံး၂လုံးကြဲ | မ ၁ | ၁ | | ၄ | နေအိမ် ၁၀လုံး ပျက်စီး |
| ၅ | ၈.၇.၂၀၂၅ | ရွှေပြည်ညွန့်ရွာ နောင်ချို | စစ်ကောင်စီသည် လေကြောင်းမှ ဗုံး ၁ လုံးကြဲ | ကျား ၁ | ၁ | | | နေအိမ်အချို့ ပျက်စီး |
| ၆ | ၉.၇.၂၀၂၅ | ပန်းမထိပ်ရပ် မိုးကုတ် | ည ၈နာရီတွင် စစ် ကောင်စီသည် | ကလေး ၃ | ၅ | ယောကျ်ားလေး၂ မိန်းကလေး ၆ | ၈ | နေအိမ်အချို့ ပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ဂျက်လေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံး ၁ လုံးကြဲ | | | | | |
| ၇ | ၁၁.၇.၂၀၂၅ | ခိုမုန်းရွာ ကျောက်မဲ | နံနက် ၃နာရီတွင် စစ်ကောင်စီသည် ဂျက်လေယာဉ်ဖြင့် ပေါင်၅၀၀ဗုံး ၃ လုံးကြဲ | | ၁ | | ၃ | နေအိမ် ၃လုံး၊ ဟော်တယ် ၁လုံး ပျက်စီး |
| ၈ | ၁၁.၇.၂၀၂၅ | ဈေးရပ်ကွက်၊ ကျောက်ကြမ်းရွာ နောင်ချို | နံနက် ၃နာရီတွင် စစ်ကောင်စီသည် ဂျက်လေယာဉ်ဖြင့် ပေါင်၂၅၀ ဗုံး ၄ လုံးကြဲ | | | | | နေအိမ် ၆လုံး ပျက်စီး |
| ၉ | ၁၃.၇.၂၀၂၅ | ပိန္နဲကုန်းရွာ၊ ကျောက်မဲမြို့ အနောက်ပိုင်းဒေသများ | နံနက် ၆နာရီတွင် စစ်ကောင်စီသည် ဂျက်လေယာဉ်ဖြင့် ဗုံး၆လုံးကြဲ | | | မ ၁ | ၁ | ကျောင်း ၁ကျောင်း၊ နေအိမ် အချို့ ပျက်စီး |
| ၁၀ | ၁၃.၇.၂၀၂၅ | ပန်းမထိပ်ရွာ ဂေါ်ရခါးအပေါ်ရွာ မိုးကုတ် | ည ၁၀:၃၀ နာရီ တွင် စစ်ကောင်စီ သည် ဂျက်လေ ယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံး ၁လုံးကြဲ | | | မ ၄၊ ကျား ၄ (ကလေး ၃ဦး အပါ) | ၈ | နေအိမ်အချို့ ပျက်စီး |
| ၁၁ | ၁၄.၇.၂၀၂၅ | တောင်မြို့ရပ် သီပေါ | ညနေ ၆နာရီတွင် စစ်ကောင်စီသည် ဂျက်လေယာဉ်ဖြင့် ဗုံး ၂လုံးကြဲ | | ၂ | | ၂ | နေအိမ် ၃လုံး၊ ဆိုင် ၅ဆိုင်၊ အပန်းဖြေစခန်း ၁ခု ပျက်စီး |
| | | | **စုစုပေါင်း** | **၁၃ ဦး သေဆုံး** | | **၃၁ ဦး ဒဏ်ရာရ** | | **နေအိမ် ၅၆ လုံးကျော်၊ ကျောင်း ၂ ကျောင်း၊ ဆေးရုံ ၁ရုံ၊ ဟိုတယ် ၁လုံး၊ ဆိုင် ၅ ဆိုင်၊ အပန်း ဖြေ စခန်း ၁ခု ပျက်စီး** |

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| စိုင်းဟော်ရှဲန် | +66 94 728 6696 | Signal (ရှမ်း၊ အင်္ဂလိပ်) |
| ယိင်းလျှန်းဟန် | +1 825 425 4099 | Signal (မြန်မာ) |